KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်/KHRG စာအမှတ်-16-7-NB1

# ဘားအံခရိုင်တွင် လတ်တလောဖြစ်ပွားခဲ့သည့် ပြန်လည်ဖွဲ့စည်းထားသော DKBA နှင့် နယ်ခြားစောင့်တပ်နှင့်အတူ တပ်မတော်ပူးပေါင်းအဖွဲ့ တို့အကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် ရွာသား ၆၀၀၀ နှင့်အထက် နေရပ်စွန့်ခွာထွက်ပြေးခဲ့ရခြင်း၊ ၂၀၁၆ခုနှစ် စက်တင်ဘာလ

*ဤသတင်းအကျဉ်းချုပ်တွင် နယ်ခြားစောင့်တပ်နှင့်တပ်မတော်ပူးပေါင်းအဖွဲ့ နှင့် အသစ်တဖန်ပြန်လည်ဖွဲ့စည်းထားသော တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) တို့အကြားဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်တွင် ရွာသား ၆၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် အကြောင်းကို ဖော်ပြထားခြင်းဖြစ်ပါသည်။*[1]

- *တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA)ခွဲထွက်အဖွဲ့နှင့် နယ်ခြားစောင့်တပ် (BGF) နှင့် အစိုးရတပ်မတော်ပူးပေါင်းတပ်ဖွဲ့တို့သည် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ မယ်သဝေါဒေသတွင် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။*
- *မြိုင်ကြီးငူဆရာတော် ဦးသုဇနသည် မယ်သဝေါရွာ နှင့်အနီးတဝိုက်တွင် နေထိုင်သောရွာသူရွာသားများအား ၎င်းတို့၏နေရပ်များကိုစွန့်ခွာပြီး မိမိလုံခြုံရေးအတွက် မြိုင်ကြီးငူဒေသသို့သွားရောက်ခိုလှုံကြရန် ကားအစီးရေပေါင်း ၂၀၀ကျော်ကိုစီစဉ်၍ ၎င်းတို့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်နေ့တွင် ခေါ်ဆောင်ခဲ့ပါသည်။*

---

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်နှင့် ညောင်လေးပင်ခရိုင်ရှိ ဒေသခံအဖွဲ့ဝင်ထံမှ ရရှိသောသတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။

- *ထိုမျှမက မြိုင်ကြီးငူသို့ ထွက်ပြေးတိမ်းရှောင်သည့် အထဲတွင် မပါဝင်ခဲ့သည့် အခြားနေရာများမှ စုစုပေါင်းတစ်ထောင်နီးပါးရှိသည့် အုပ်စုနစ်စုမှ ရွာသူရွာသားများသည်လည်း ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်နေ့တွင် ၎င်းတို့၏နေရပ်ကို စွန့်ခွာပြီး စ--- နှင့် ဒ---ရွာများသို့ ထွက်ပြေးခဲ့ကြပါသည်။*
- *မြိုင်ကြီးငူသို့ ထွက်ပြေးရောက်ရှိလာသည့် ရွာသူရွာသားများကို ဒေသခံရွာသူရွာသားများနှင့် ပြည်တွင်းရှိ အဖွဲ့အစည်းများမှ နေရာထိုင်ခင်းများ၊ အဝတ်အထည်များ၊ အစားအသောက်များ၊ ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ပိုင်းဝန်းကူညီထောက်ပံ့ပေးကြပါသည်။ နယ်စပ်အခြေစိုက် လူထုအခြေပြုအဖွဲ့အစည်းများထံမှ အထောက်အပံ့များကိုမူ စ----နှင့် ဒ--- ရွာသို့ ရောက်ရှိခိုလှုံကြသည့် ရွာသူရွာသားများက ရရှိကြပါသည်။*
- *မတူညီတဲ့မှုခင်းနစ်ခုမှာ စက်တင်ဘာလအတွင်း မယ်သဝေါဒေသတွင် တိုက်ပွဲများ ဖြစ်ပွားနေစဉ်ကာလတွင်း မြေမြှုပ်မိုင်းကြောင့် ကျေးရွာသူကြီးတစ်ဦး သေဆုံးခဲ့ရပြီး အခြားရွာသားတစ်ဦးလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။*

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ၏ ဒေသခံအဖွဲ့ဝင်နစ်ဦး မှ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ နှင့် အောက်တိုဘာ ၇ ရက်နေ့တွင် ထိုမြိုင်ကြီးငူဒေသသို့ သွားရောက်ပြီး တိုက်ပွဲဖြစ်ပွားသည့် ဒေသများမှ ထွက်ပြေးတိမ်းရှောင်လာသည့်ရွာသူရွာသားများ၊ ဒေသခံတာဝန်ရှိခေါင်းဆောင်အချို့နှင့် တွေ့ဆုံကာ တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ပြီးနောက် ထွက်ပြေးတိမ်းရှောင်လာသည့် ရွာသားများ၏ အခြေအနေနှင့် သတင်းအချက်အလက်များကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ပါသည်။

၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၉ရက်နေ့၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ မယ်သဝေါဒေသတွင် အသစ်တဖန်ပြန်လည်ဖွဲ့စည်းထားသော တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (DKBA) နှင့် ဗိုလ်ချစ်သူ ဦးဆောင်မှုအောက်တွင်ရှိသော နယ်ခြားစောင့်တပ် (BGF) တပ်နယ် (၄) နှင့်အတူ စစ်ကွပ်ကဲအခြေစိုက် (စကခ-၁၂) မှတပ်မတော်စစ်သားများ ပူးပေါင်းထားသောအဖွဲ့တို့အကြား တိုက်ပွဲများဖြစ်ပွားခဲ့ပါသည်။ အဆိုပါမယ်သဝေါဒေသသည် သောင်ရင်းမြစ်ဖြင့် ပိုင်းခြား ထားသော ထိုင်း-မြန်မာ နယ်စပ်တွင် တည်ရှိပါသည်။ ထို့ကြောင့် ထောင်နှင့်ချီသော ရွာသူရွာသားများ မိမိတို့၏ နေရပ်များကိုစွန့်ခွာပြီး မြိုင်ကြီးငူ (ခေါ်တော်) မြို့သို့လည်းကောင်း၊ အချို့မှာ အနီးအနားရှိ လုံခြုံသောရွာများသို့လည်းကောင်း နှင့် အချို့မှာ နယ်စပ်ကိုဖြတ်ကျော်၍ ထိုင်းနိုင်ငံဘက်သို့ အသီးသီး ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။

၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင် မြိုင်ကြီးငူဆရာတော် ဦးသုဇနမှ မယ်သဝေါဒေသအနီးတဝိုက်တွင် နေထိုင်သော ရွာသူရွာသားများ၏ လုံခြုံရေးအတွက် ၎င်းစစ်ဖြစ်ပွားနေသည့်ဒေသများကိုစွန့်ခွာပြီး မြိုင်ကြီးငူသို့ လာရောက်ခိုလှုံကြရန် ကားအစီးရေပေါင်း ၂၀၀ ကျော်အားစီစဉ်ကာ အဆိုပါဒေသသို့ သွားရောက်ခေါ်ဆောင်ခဲ့ပါသည်။ ရွာသားများ၏ ပြောပြချက်အရ ၎င်းတို့လုပ်ငန်းခွင်အတွင်း ရှိနေစဉ် ကားများရောက်ရှိလာပြီး ၎င်းတို့ကို ခေါ်ဆောင်သွားခြင်းဖြစ်ပါသည်။ ထိုအချိန်တွင် ရွာသားအချို့မှာ လယ်ကွင်းထဲတွင်ရှိနေကြပြီး အချို့မှာမူ စိုက်ခင်းထဲတွင် ရှိနေခဲ့ကြသည်။ ရွာသူရွာသားများသည် ထိုဒေသတွင် တိုက်ပွဲများဖြစ်ပွားနေသည့်အတွက်မြိုင်ကြီးငူသို့ သွားရောက်နေထိုင်ကြရန် ဆရာ

တော်ဦးသုဇနမှ မိန့်ကြားလိုက်သည်ဟုမိမိတို့အား လာရောက်ခေါ်ဆောင်သည့်သူများမှ ပြောကြားခဲ့သည်။ ထို့ကြောင့် မည်သည့်အရာမျှ ပြင်ဆင်နိုင်ခြင်းမရှိသလို မိမိနှင့်သက်ဆိုင်သည့်ပစ္စည်းဥစ္စာတစ်စုံတစ်ရာမျှပင် သယ်ဆောင်နိုင်ခြင်းမရှိဘဲ ကားများနှင့် လိုက်ပါခဲ့ကြရပါသည်။ ထို့ကြောင့် ရွာသူရွာသားများသည် ၎င်းတို့ပိုင်ဆိုင်သော လယ်ယာစိုက်ခင်းများ၊ အိမ်မွေးတိရိစ္ဆာန်များအပါအဝင် အခြားသောပိုင်ဆိုင်မှုများကို ထားရစ်ခဲ့ရပါသည်။

ရွာသူရွာသားများမှ KHRG ၏ဒေသခံအဖွဲ့ဝင်သို့တင်ပြခဲ့သည်မှာ ၎င်းတို့၏သီးနှံစိုက်ခင်းများထဲသို့ တိရိစ္ဆာန်များဝင်ရောက်ဖျက်ဆီးမည်ကို စိုးရိမ်ကြသလို၎င်းတို့၏ပစ္စည်းဥစ္စာများ ခိုးယူခြင်းခံရမည်ကို စိုးရိမ်ကြပေမယ့် မိမိတို့ရွာသို့မပြန်ရဲသေးပေ။ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်နေ့တွင် ပြန်လည်နေရာချထားရေးတာဝန်ရှိခေါင်းဆောင်တစ်ဦး၏ပြောပြချက်အရ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ တတိယအပတ်တွင် ရွာပေါင်း(၄)ရွာမှ ရွာသားများသည် ၎င်းတို့ နေထိုင်သော ရပ်ရွာများသို့ ပြန်သွားခဲ့ပြီးနောက် ထို (၄) ရွာထဲမှ ရွာတစ်ရွာရှိ ရွာသားများ မြိုင်ကြီးငူသို့ တဖန်ပြန်လည်ရောက်ရှိလာခဲ့ကြသည်။



ဤဓါတ်ပုံများကို ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၏ ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၇ရက်တွင် ထွက်ပြေးတိမ်းရှောင်လာသည့် ရွာသားများ၏နေထိုင်ရာနေရာဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ မြိုင် ကြီးငူမြို့တနေရာမှ ရိုက်ယူခဲ့ပါသည်။ ဖော်ပြပါပုံများမှာ တိုက်ပွဲကြောင့် မယ်သဝေါဒေသမှ ထွက်ပြေးတိမ်းရှောင်လာသော ရွာသားများ နေထိုင်ရာအတွက် ဆောက်လုပ်ထားသော နေရာများဖြစ်ပါသည်။ *(ဓါတ်ပုံ- KHRG)*

၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ထိုပြန်လည်နေရာချထားရေးတွင် ပါဝင်သော တာဝန်ရှိသူတစ်ဦးမှ ပြောဆိုချက်အရ ရွာပေါင်း (၃၅) ရွာမှ ရွာသူရွာသား စုစုပေါင်း (၅၉၀၅) ယောက်တို့သည် မြိုင်ကြီးငူဒေသသို့ သွားရောက်ခိုလှုံကြရပြီး  အဆိုပါရွာသူရွာသားများသည် ဘားအံခရိုင်၊ လှိုင်းဘွဲ မြို့နယ်အတွင်းမှ ဒေသခံများဖြစ်ကြပါသည်။ ထိုရွာသူရွာသားများသည် မြိုင်ကြီးငူဒေသရှိ နေရာ ၄ နေရာဖြစ်သော ဘုန်းကြီးကျောင်းများနှင့် နှစ်သစ်ကူးကျင်းပပြုလုပ်သည့်ကွင်း စသည့်နေရာများတွင် ခွဲ၍ခိုလှုံနေကြရပါသည်။ ထိုထွက်ပြေးတိမ်းရှောင်လာသော ရွာသူရွာသားများသည် မြိုင်ကြီးငူဒေသ အတွင်း နေထိုင်သောဒေသခံမျာများ၊ အခြားဒေသရှိရွာသူရွာသားများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်း များ၊ မြန်မာအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ အကူအညီအထောက်အပံ့များကို လက်ခံရရှိကြပါသည်။ ၎င်းတို့လက်ခံရရှိသော အထောက်အပံ့များမှာ အစားအသောက်များ၊ အသီးအရွက်များ၊ သောက်ရေသန့်၊ အဝတ်အထည်များ၊ အလှူငွေ၊ နေရာထိုင်ခင်းအတွက် အမိုးအကာပစ္စည်း များပါဝင်ပါသည်။ ထို့အတူကျန်းမာရေး ဝန်ဆောင်မှုနှင့် ကလေးများအတွက် ပညာရေးကိုမူ မြိုင်ကြီးငူ ဒေသ၏ ဒေသတွင်း မြန်မာအစိုးရထံမှ ရရှိကြပါသည်။ မည်သို့ပင်ဖြစ်စေ ထွက်ပြေးတိမ်းရှောင်လာ သော ကျောင်းသူကျောင်းသားများအားလုံး ဆက်လက်၍ ကျောင်းမတက်နိုင်တော့ပေ။ အကြောင်းမှာ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်နေ့တွင်  ထွက်ပြေးတိမ်းရှောင်သည့်နေရာအတွင်း  ကျောင်းသူ ကျောင်းသားများ ဆက်လက်စာသင်ကြားနိုင်ရန်အတွက် ထွက်ပြေးတိမ်းရှောင်လာသည့်ရွာများထဲမှ စာသင်ကျောင်း(၄)ကျောင်းသာ ဆက်လက်စာသင်ကြားပေးနေပါသည်။  အဆိုပါကျောင်းများသည် မူလတန်းကျောင်းသာဖြစ်ပြီး မြန်မာအစိုးရ၏ စာသင်ကျောင်းများဖြစ်ပါသည်။

တိုက်ပွဲပြီးဆုံးသွားပါက ၎င်းတို့ရွာသို့ ပြန်လည်နေထိုင်ကြမည်ဟု နေရပ်စွန့်ခွာ ထွက်ပြေးလာသော ရွာသားများမှ KHRG၏ ဒေသခံအဖွဲ့ဝင်သို့ ပြောကြားပါ သည်။ မြိုင်ကြီးငူဒေသသည် သက်သတ်လွတ် စားသောနယ်မြေဖြစ်ပြီး အသားငါးစားသုံးမှုကို ခွင့်မပြုသောနယ်မြေဖြစ်သောကြောင့် ထိုမြိုင်ကြီးငူတွင် နေထိုင်စဉ် အခက်အခဲအချို့ ရင်ဆိုင်ကြရသည်ဟု ရွာသားအချို့မှလည်းပြောပါသည်။





ဤဓါတ်ပုံများသည် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၏ ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၇ရက်၊ ဘားအံခရိုင်၊ လှိုင်းဘွဲမြို့နယ်၊ မြိုင်ကြီးငူမြို့ ဘုန်းကြီးကျောင်းဝင်းတွင် ရိုက်ယူခဲ့ပါသည်။ ပထမပုံမှာ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်ရှိ ဘုန်းကြီးများ နှင့်ရွာသူရွာသားများမှ မယ်သဝေါဒေသတွင်း၌ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလအတွင်းတွင် DKBA နှင့် နယ်ခြားစောင့်တပ်နှင့်အတူတပ်မတော်ပူးပေါင်းအဖွဲ့တို့ကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် မြိုင်ကြီးငူမြို့တွင်ခိုလှုံရန် ထွက်ပြေးတိမ်းရှောင်လာသောရွာသားများအတွက်

အစားအသောက်နှင့် အသီးအရွက်များကို လာရောက်လှူဒါန်းသောပုံဖြစ်ပါသည်။ ဒုတိယပုံမှာ မြိုင်ကြီးငူမြို့တွင် လာရောက်ခိုလှုံ နေသောရွာသားများအတွက် ဂိုဒေါင်အတွင်းတွင် စုဆောင်းထားသောအစားအသောက်များ ပုံဖြစ်ပါသည်။ *(ဓါတ်ပုံ- KHRG)*

ထို့အပြင် မယ်သဝေါဒေသအနီးတဝိုက်မှ ထွက်ပြေးတိမ်းရှောင်နေသည့် ရွာသူရွာသားများသွားရောက်နေထိုင်သော အခြား နေရာဒေသနှစ်ခုလည်း ရှိပါသေးသည်။ ပထမနေရာဖြစ်သော လှိုင်းဘွဲ မြို့နယ်၊ မယ်ပရူကျေးရွာ အုပ်စု၊ ဒ---ရွာတွင် အိမ်ထောင်စုပေါင်း ၉၀စု မှ မိသားစုဦးရေစုစုပေါင်း ၅၀၄ယောက် နှင့် ဒုတိယနေရာ ဖြစ်သော လှိုင်းဘွဲမြို့နယ်၊ မယ်ပရူကျေးရွာအုပ်စု၊ စ---ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၇၂စု မှ လူဦးရေစုစုပေါင်း ၃၉၂ယောက် သွားရောက်ထွက်ပြေးခိုလှုံကြပါသည်။ KHRG ၏ ဒေသခံ အဖွဲ့ဝင်မှ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထိုနေရာဒေသနှစ်ခုသို့ ထွက်ပြေးရောက်ရှိလာသော ရွာနှစ်ရွာမှရွာသားများနှင့် တွေ့ဆုံပြီး တွေ့ဆုံမေးမြန်းခန်းများ ပြုလုပ်ထားသောကြောင့် ဤသတင်းအချက်အလက်အား ထပ်မံရရှိခြင်းဖြစ်သည်။ ရွာသားများ၏ ပြောပြချက်အရ DKBA နှင့် နယ်ခြားစောင့်တပ်နှင့် တပ်မတော်ပူးပေါင်းအဖွဲ့ တို့အကြား တိုက်ပွဲများ ဖြစ်ပွားသောအခါ ဆရာတော်ဦးသုဇနမှ မယ်သဝေါဒေသအဝင်းတွင်နေထိုင်သော ရွာသားများအနေဖြင့်လည်း ဒ---ရွာ သို့မဟုတ် အခြားရွာများသို့ ၎င်းတို့၏လုံခြုံရေးအတွက် ယာယီခေတ္တခဏပြောင်းရွှေ့နေထိုင်ကြရန်နှင့် အကယ်၍တိုက်ပွဲပြင်းထန်လာပါက ဘုန်းကြီးများမှသွားရောက်ခေါ်ဆောင်ရန် စီစဉ်ပေးမည်ဟု မိန့်ကြားခဲ့သည်။ ၎င်းတို့၏ ရွာကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၅ရက်နေ့ ညအချိန်တွင် စွန့်ခွာထွက်ပြေးခဲ့ပြီး ၎င်းတို့သွားရောက် ခိုလှုံမည့်နေရာသို့ နောက်တနေ့နံနက်ပိုင်း ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၆ရက်နေ့တွင် ရောက်ရှိကြပါသည်။ အဆိုပါရွာသူရွာသားများသည် တိုက်ပွဲကြောင့် ထွက်ပြေးခဲ့စဉ်က၎င်းတို့နှင့်အတူ တစ်စုံတစ်ရာမျှပင်မသယ်ဆောင်နိုင်ခဲ့သောကြောင့် မိမိတို့၏အိမ်မွေးတိရိစ္ဆာန်များနှင့်ပိုင်ဆိုင်သမျှအပစ္စည်းဥစ္စာများကို ထားရစ်ခဲ့ရပါသည်။ မထွက်ပြေးမီအချိန်တွင် ၎င်းတို့၏ကျွဲများသည် DKBA ၏ မြေမြှုပ်မိုင်းနှင့် နင်းမိပြီး ၄င်းတိရိစ္ဆာန်များသေဆုံးသွားပြီလား၊ ထိခိုက်ဒဏ်ရာရသွားပြီလားကိုပင် မသိရှိကြပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကိုယ်တိုင်လည်း မြေမြှုပ်မိုင်းများကို ကြောက်ရွံ့သောကြောင့်ကျွဲများကို ပြန်လည်မကြည့်ရှုရဲကြပေ။ အဆိုပါရွာသူရွာသားများမှ KHRG ၏ဒေသခံအဖွဲ့ဝင်သို့ ပြောဆိုတင်ပြသည်မှာ တိုက်ပွဲမဖြစ်ပွားခင်တွင် ၎င်းတို့သည် DKBA စစ်သားများ၏ အမိန့်ပေးချက်အရ ပေါ်တာအဖြစ် အစားအသောက်းအား သယ်ပိုးပေးခဲ့ရသည်။

၎င်းတို့နေအိမ်မှ စွန့်ခွာထွက်ပြေးစဉ် နယ်စပ်အခြေစိုက် လူထုအခြေပြု အဖွဲ့အစည်းများထံမှ အစားအသောက်များ၊ အဝတ်အထည်များ၊ အမိုးအကာများနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို လက်ခံရရှိကြပါသည်။



ဤဓါတ်ပုံများသည် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)၏ ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ရက်တွင်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ မယ်ပရူကျေးရွာအုပ်စု၊ ဒ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ အထက်ပါပုံနှစ်ပုံမှာ နယ်စပ်အခြေစိုက် လူထုအခြေပြု အဖွဲ့အစည်း ၂ ဖွဲ့ဖြစ်သော အဲဒရာ (ADRA) နှင့် ပါတနယ် (Partner) တို့မှ လာရောက်လှူဒါန်းသော အထောက်အပံ့ပစ္စည်းများကို တိုက်ပွဲကြောင့်ထွက်ပြေးတိမ်းရှောင်လာသော ရွာသားများက လာရောက်ရယူနေသောပုံ များဖြစ်ပါသည်။ အထောက်အပံ့ပစ္စည်းများမှာ ဖျာ၊ အဝတ်အထည်၊ ပုဆိုး၊ အိပ်သာခွက်၊ သံမီးဖို နှင့် အစားအသောက်များဖြစ်ပါသည်။ အောက်ပါပုံနှစ်ပုံမှာ မယ်သဝေါဒေသတွင်း တိုက်ပွဲကြောင့်ထွက်ပြေးတိမ်းရှောင်လာသောရွာသူရွာသားများအတွက် ယာယီဆောက်လုပ်ထားသောတဲလေးများ ပုံဖြစ်ပါသည်။ *(ဓါတ်ပုံ-KHRG)*

## အခမ့်ဖိအားပေးခိုင်းစေခြင်း

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သို့ ရွာသားများမှတင်ပြခဲ့သည်မှာ အ---ကျေးရွာအနီးအနားတပိုက် တိုက်ပွဲဖြစ်ပွားနေစဉ်တွင် DKBA စစ်သားများမှ ထိုအ---ရွာမှ စတင်ကာ စစ်သားများအတွက် ပေါ်တာအဖြစ် အထုပ်အပိုးများသယ်ဆောင်ရန် ရွာသားနှစ်ဦးသုံးဦးအား အမိန့်ပေးခိုင်းစေခဲ့ပါသည်။ အဆိုပါ ရွာသားများသည် မည်သည့်အခကြေးငွေတစ်စုံတစ်ရာမျှမရရှိဘဲ စစ်သားများ၏ စားနပ်ရိက္ခာများနှင့် လက်နက်ခဲယမ်းများကို ၃ရက်အတွင်း အလှည့်ကျသယ်ဆောင်ရန် အမိန့်ပေးစေခိုင်းခြင်း ခံခဲ့ရပါသည်။

## ဘေးအန္တရာယ်ကြီးမားသော မြေမြှုပ်မိုင်းများ

နေရပ်စွန့်ခွာထွက်ပြေးလာသော ရွာသားများ၏ပြောကြားချက်အရ များစွာသောမြေမြှုပ်မိုင်းအသစ်များကို တိုက်ပွဲဖြစ်နေသည့် နေရာများတွင် DKBA စစ်သားများမှ ထောင်ထားပါသည်။ မြေမြှုပ်မိုင်းအများစုသည် လက်လုပ်မြေမြှုပ်မိုင်းအမျိုးအစားများဖြစ်ပါသည်။ ရွာသားများသည် မြေမြှုပ်မိုင်းများကို ကြောက်ရွံ့နေကြရပါသည်။ အကြောင်းမှာ ထိုမြေမြှုပ်မိုင်းများကို ၎င်းတို့၏ ကျေးရွာဧရိယာအတွင်းနှင့်အလုပ်လုပ်ကိုင်သည့်နေရာများတွင်ပါ ထောင်ထားသောကြောင့်ပင်ဖြစ်သည်။ တာဂန်ရှိခေါင်းဆောင်တစ်ဦးမှ KHRG ၏ ဒေသခံအဖွဲ့ဝင်အား ပြောကြားခဲ့သည် မှာ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့တွင် အ---ရွာမှ စောက---ဟု အမည်ရသော အသက် ၂၀ကျော် လူငယ်တစ်ဦးမှလည်း မြေမြှုပ်မိုင်းထိမှန်ကာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အခြားမြေမြှုပ်မိုင်းထိမှန်သည့် ဖြစ်ရပ်တစ်ခုမှာ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့တွင် အ---ရွာမှ ကျေးရွာခေါင်းဆောင် ဦးတ--- သည် မြေမြှုပ်မိုင်းထိမှန်ကာ အ---ရွာနဘေးအနီးတွင် ကွယ်လွန်သွားခဲ့သည်။ မြေမြှုပ်မိုင်းထိမှန်စဉ်က ၎င်း၏ဇနီးနှင့်သားသမီးများမှာ သူနှင့်အတူရှိမနေဘဲ မြိုင်ကြီးငူသို့ အလျင်ရောက်နှင့်နေပြီးဖြစ်ပါသည်။ ဦးတ--- ဇနီး နော်လ---၏ ပြောပြချက်အရ ဦးတ--- သည် မြေမြှုပ်မိုင်းထိမှန်စဉ်အချိန်၌ ချက်ခြင်းသေဆုံးသွားခဲ့ခြင်းမျိုးမဟုတ်ပေ။ အကြောင်းမှာ မြေမြှုပ်မိုင်းထိမှန်သည့်အချိန်တွင် ထိုရွာ၌တပ်စွဲထားသော နယ်ခြားစောင့်တပ် (BGF) နှင့် တပ်မတော်တို့သည် ထိုမြေမြှုပ်မိုင်း ပေါက်ကွဲသောနေရာသို့ လက်နက်များဖြင့်လှမ်း၍ပစ်ခတ် သဖြင့် ရွာသားများ ၎င်းအားရွာသို့ ပြန်လည်သယ်ဆောင်ရန် ကြောင့်ရွံ့ကြသောကြောင့်ပင်ဖြစ်ပါသည်။ ထိုအကြောင်းရင်းကြောင့် ၎င်းကိုရွာသို့ပြန်သယ်လာမည့်အစား ၎င်းတို့ပုန်းခိုသောတောင်ကြားထဲသို့သာ ပြန်သယ်ဆောင်ခဲ့ရသည်။ ထို့နောက် ရွာသားအချို့ကို နယ်ခြားစောင့်တပ်နှင့် တပ်မတော် စစ်သားများထံသို့ စေလွှတ်ခဲ့ကာ ထိခိုက်မှုဖြစ်စဉ်ကိုအကြောင်းကြားရန်နှင့် ၎င်းတို့၏ရွာလူကြီးကို ဆေးဂါးကုသပေးရန်အတွက် ရွာသို့ပြန်လည် သယ်ဆောင်မည့်အကြောင်းကို အကြောင်းကြားစေခဲ့သည်။ ဦးတ---ကို ရွာသားများမှ ရွာသို့ ပြန်လည်သယ်ဆောင်လာစဉ် လမ်းခုလတ်မှာပင် မြေမြှုပ်မိုင်းထိခိုက်ထားသော ဒဏ်ရာများကြောင့် သေဆုံးသွားခဲ့သည်။ နော်လ---မှ သူမ၏ခင်ပွန်းသည် ကျေးရွာခေါင်းဆောင်ဖြစ်သည့်အတွက် တိုက်ပွဲမှထွက်ပြေးတိမ်းရှောင်မည့်အစား တိုက်ပွဲအတွင်းမှမထွက်ခွာရသေးသော ရွာ၌ကျန်ရှိနေသေးသော ရွာသူရွာသားများကို ရွာသူကြီး တစ်ဦးအနေဖြင့် ရွာသားများအား ကူညီရန်နှင့် ထိခိုက်နာကျင်မှုများမှ ကာကွယ်ရန်အလို့ငှာ လိုက်လံအသိပေးနှိုးဆော်ရန်ရွာတွင် ကျန်ရှိနေခဲ့ခြင်းဖြစ်ပါသည်။ ဦးတ---၏ ဇနီးနှင့် သားသမီး ၅ဦးကျန်ရစ်ခဲ့ပါသည်။ သူ၏ဇနီးနှင့်သားသမီးများမှာ ယခုအစီရင်ခံစာထုတ်ပြန်သည့်အချိန်ထိ မြိုင်ကြီးငူတွင် နေထိုင်ကြပါသည်။ ထိုမြေမြှုပ်မိုင်းအခင်းဖြစ်ပွားခဲ့ပြီးနောက် နယ်ခြားစောင့်တပ်မှ အ---ရွာမှ ရွာသားများအား ၎င်းတို့ပုန်းခိုသောနေရာတွင် ဆက်လက်မနေသင့်တော့ကြောင်း၊ မြိုင်ကြီးငူသို့သာသွားရောက်ခိုလှုံသင့်ကြောင်း၊ ၎င်းတို့ပုန်းခိုနေသော ရွာအနီးတွင်သာ ဆက်လက်နေပါက ၎င်းတို့အားမှား၍ အပစ်ခံရနိုင်ကြောင်း ပြောကြားခဲ့သည်။

နော်လ---မှလည်း KHRG၏ ဒေသခံအဖွဲ့ဝင်သို့တင်ပြချက်အရ သူမနှင့် အခြားရွာသားများသည် အ---ရွာမှ မြိုင်ကြီးငူသို့ မထွက်ပြေးခင် သူမ၏ရွာထဲမှာပင်တိုက်ပွဲ ဖြစ်ပွားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် DKBA စစ်သားများသည်ပြီအ---ရွာတွင်ရှိသောကြောင့်၊ နယ်ခြားစောင့်တပ်နှင့် မဟာမိတ်တပ်မတော်စစ်သားများသည် ထိုအ---ရွာ၏ အနီးတဝိုက်ဒေသများသို့ ဝင်ရောက်လာပြီး လက်နက်

များဖြင့် ပစ်ခတ်ခြင်းဖြစ်သည်။ ဤတိုက်ပွဲများကြောင့် နယ်ခြားစောင့်တပ်နှင့်တပ်မတော်တို့မှပစ်လွှတ်သော လက်နက်ကြီးကျည်ဆံအများအပြားကြောင့် အ---ရွာသို့ကျကာ ပေါက်ကွဲခဲ့ပါသည်။ သို့သော့် အ---ရွာရှိမည်သည့်ရွာသား တစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိခဲ့ပါ။ ထို့ကြောင့် ရွာသားများသည် ကြောင်ရွှံ့ကာ အ--- ရွာကိုစွန့်ခွာပြီး မြိုင်ကြီးငူသို့ သွားရောက်ရန်အတွက် DKBA စစ်သားများအားပြောခဲ့သည်။ သို့သော် ရွာသားများ ကြောက်ရွံ့ရန်မလိုကြောင်းနှင့် အိမ်အောက်၌ ပုံးခိုကျင်းများပြုလုပ်ကာ ရွာထဲ၌ပင်နေသင့်ကြောင်း အကြံပေးခဲ့သည်။ ထိုနောက်ပိုင်းတွင် ဆရာတော်ဦးသုဇနမှ စီစဉ်ကာ ကားများဖြင့် တိုက်ပွဲဖြစ်နေသည့် နေရာများမှ ရွာသားများအား လာရောက်ခေါ်ဆောင်မည်ကို ရွာသားများကြားသိခဲ့ပါသည်။ ထို့ကြောင့် တိုက်ပွဲဖြစ်နေသည့် ရွာထဲတွင်သာ နေမည့်အစား မြိုင်ကြီးငူသို့ ထွက်ပြေးတိမ်းရှောင်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ရွာသားများပြောပြချက်အရ မယ်သဝေါဒေသတိုက်ပွဲသည် ရေရှည်အကျိုးထိခိုက်မှုကို ဖြစ်ပွားစေပါသည်။ အဘယ့်ကြောင့်ဆိုသော် နယ်ခြားစောင့်တပ်များနှင့် ၎င်းတို့၏မဟာမိတ် အစိုးရတပ်မတော် စစ်သားများသည် မယ်သဝေါဒေသမှ မြိုင်ကြီးငူသို့ဆက်သွယ်ထားသော အဓိကကားလမ်းမကြီးကို ထိမ်းချုပ်ရယူလိုက်ပြီး ထိုလမ်းတစ်လျှောက်ရှိ DKBA တပ်စခန်းများကိုလည်း သိမ်းပိုက်ရယူခဲ့သည်။ တိုက်ပွဲများသည် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ အလယ်ပိုင်းလောက်တွင် ငြိမ်သက်လာခဲ့သည်။ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလကုန်လောက်တွင် ရွာသားအချို့သည် လယ်ထဲတွင်ပြန်လည်အလုပ်လုပ်ကိုင်ရန်နှင့် စိုက်ပျိုးရေးများပြန်လည်လုပ်ကိုင်ရန် ၎င်းတို့၏ရွာများသို့ပြန်သွားခဲ့သည်။ မည်သို့ပင်ဆိုစေ အချို့မှာ၎င်းတို့နေရပ်သို့ ပြန်သွားခဲ့ကြသော်ငြားလည်း မြေမြှုပ်မိုင်းအန္တရာယ်များကိုဆက်လက်ကြောက်ရွံ့နေရသည့်အတွက် အလုပ်များကို ယနေ့တိုင် ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသေးပါ။

## Hpa-an District




Karen Human Rights Group (KHRG)